## ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ ပြောင်းလဲတပ်ဆင်ရာတွင် ပိုင်ရှင်ကိုယ်တိုင်လာရောက်သူများအတွက် သီးသန့်နေရာခွဲခြားဆောင်ရွက်ပေးလျက်ရှိ

- ကညန အနေဖြင့် လိုအပ်ချက်အရ ဖောင်းကြွနံပါတ်ပြားအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်မီကြိုးပမ်းလက်ခံဆောက်ရွက်ပေးလျက်ရှိပါသည်။ လုပ်ငန်းလာရောက်ဆောင်ရွက်သူများ သက်သာလွယ်ကူအဆင်ပြေချောမွေ့စေရေး ဝန်ထမ်းများအနေဖြင့် အချိန်ပိုများဆင်း၍ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။
- လက်ရှိအခြေအနေတွင် လုပ်ငန်းလာရောက်ဆောင်ရွက်သူ များပြားသည့်အတွက် အချို့သော ယာဉ်ပိုင်ရှင်များသည် အကျိုးဆောင်(ပွဲစား)များအား အပ်နှံဆောင်ရွက်မှုများရှိပြီး မလိုအပ်ဘဲ ငွေကြေးပိုမိုကုန်ကျလျက်ရှိကြောင်း ကြားသိရပါသည်။ အကျိုးဆောင်(ပွဲစား) များကြောင့် ငွေကြေးပိုမိုကုန်ကျခြင်း၊ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များ ပျောက်ဆုံးခြင်း၊ ဖောင်းကြွနံပါတ်ပြားအသစ်ထုတ်ယူရန် အချိန်ပိုမိုကြန့်ကြာနှောင့်နှေးခြင်း စသည့် မလိုအပ်သော နောက်ဆက်တွဲပြဿနာများရှိလာနိုင်သည်ကိုလည်း သတိပြုစေလိုပါသည်။
- ဖောင်းကြွနံပါတ်ပြားအသစ် လဲလှယ်လိုသူများအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ စိတ်ချယုံကြည်ရသူ ဆွေမျိုးသားချင်း၊ တပည့်သားမြေးတစ်ဦးဦးကိုဖြစ်စေ ယာဉ်မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်တို့နှင့်တကွ စေလွှတ်ဆောင်ရွက်ပါက ဖောင်းကြွနံပါတ်ပြားဖိုး ၉၀၀၀/- ကျပ်သာ ကျသင့်မည်ဖြစ်ပါသည်။
- ကညန ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်သူပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ကောင်တာများထပ်မံခွဲထုတ်၍ လက်ခံဆောင်ရွက်ပေးခြင်း၊ ပိုင်ရှင်ကိုယ်တိုင်လာရောက်သူများအတွက် သီးသန့်ကောင်တာများဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးခြင်း၊ ရုံးသို့ လုပ်ငန်းလာရောက်ဆောင်ရွက်သူအားလုံး လုပ်ငန်းပြီးစီးသည်အထိ ရုံးချိန်နောက်ပိုင်းတွင်ဖြစ်စေ အချိန်ပိုဆင်း၍ လက်ခံဆောင်ရွက်ပေးခြင်း၊ ဖောင်းကြွစက်ရုံအနေဖြင့်လည်း လူအင်အားထပ်တိုးခန့်ထားခြင်း၊ နံပါတ်ပြားရိုက်စက်များ အသစ်ထပ်မံတိုးချဲ့တပ်ဆင်ခြင်း၊ နေ့ဆိုင်း/ ညဆိုင်းများခွဲ၍ ရုံးပိတ်ရက်ပါမကျန် တတ်နိုင်သမျှ အချိန်မီပြီးစီးအောင် ရိုက်နှိပ်ပေးခြင်းတို့ဖြင့် အထူးအလေးထားဝန်ဆောင်မှုပေးလျက်ရှိပါသည်။
- သို့ပါ၍ မလိုလားအပ်သည့် နောက်ဆက်တွဲ ဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် လူမှုကွန်ယက်များတွင် တရားမဝင်ကြော်ငြာဆောင်ရွက်နေသည့် အကျိုးဆောင်များ/ ပွဲစားများထံ

လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းမပြုဘဲ ကိုယ်တိုင် သို့မဟုတ် စိတ်ချယုံကြည်ရသူတစ်ဦးဦး စေလွှတ်ဆောင်ရွက်ကြပါရန်နှင့် ဌာနအနေဖြင့် အတတ်နိုင်ဆုံးအဆင်ပြေအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန


အတွင်း မှတ်ပုံတင်အသစ်လဲရန် ကြိုတင်သက်တမ်းတိုးနိုင်ပါသည်။